တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
ပထမနေ့အစီအစဉ် (လျာထားချက်)
(၂၁ - ၉ -၂၀၂၆) (တနလၤနေ့) နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၇) ဦး ကတိ သစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊

၃။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၄။ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၆။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

၈။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးနှင့် တတိယပုံမှန် အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ ဆောင်ရွက်ချက် များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း၊

၉။ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ် ရေဘေးသင့် ပြည်သူများ အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များမှ လှူဒါန်းခြင်းအား မှတ်တမ်း တင်ခြင်း၊

၁၀။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များက ဖြေကြားခြင်း-

(က) ဒေါ်ဆွေဆွေသင်း၊ ပေါင်းတည်မဲဆန္ဒနယ်၏ **ပေါက်ခေါင်းမြို့နယ်ရှိ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနအတွက် ရုံး အဆောက်အဦအသစ်အား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ် ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးသန်းထွန်းဦး၊ ကျိုင်းတုံ မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ် (အရှေ့ပိုင်း) နယ်စပ်မြို့များသို့ နိုင်ငံခြားခရီးသွားများ စနစ်တကျ ဝင်ရောက်ခွင့်ကို (ယာယီ) ရပ်ဆိုင်းထားခြင်းအား ပြန်လည်ခွင့်ပြုပေးရန် အစီအစဉ်ရှိမရှိ၊ မရှိပါက အဘယ်ကြောင့်နည်းနှင့် ရှိပါကမည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးထွန်းလွင်၊ ချောင်းဦး မဲဆန္ဒနယ်၏ **ချောင်းဦးမြို့ပေါ် ရပ်ကွက် (၄) ခု ရေကြီးနစ်မြုပ်မှုမှ ကင်းလွတ်စေရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိမရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်း သည့်မေးခွန်း၊

(ဃ) ဦးဝင်းဆွေ(ခ) ဦးဝင်းရွှေ၊ လပွတ္တာ မဲဆန္ဒနယ်၏ **လပွတ္တာ မြို့နယ် မြို့မ ဈေးအား ဈေးဝယ်စင်တာအဖြစ် တည်ဆောက် ပေးရန် အစီအစဉ် ရှိမရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအောင်ကိုလတ်၊ တမူးမဲဆန္ဒနယ်၏ **တမူးမြို့၊ မြို့မအမှတ် (၂) ရပ်ကွက်၊ အ.မ.က-၂(မူလွန်)ကျောင်းရှိ ကျောင်းဆောင် ဟောင်းအား မည်သည့် ကာလတွင်အသစ်ဆောက်လုပ်ပေးမည်ကိုသိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးညွန့်ဝင်း၊ မြစ်ကြီးနား မဲဆန္ဒနယ်၏ **မြစ်ကြီးနားမြို့နယ်၊ ရမ်ပူရပ်ကွက်၊ အထက (ကျောင်းခွဲ) အမှတ် (၂) တွင် နှစ်ထပ်ကျောင်းဆောင် တစ်ခု တည်ဆောက်ပေးနိုင်ခြင်း ရှိမရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဒေါက်တာကျော်ကျော်ဌေး၊ ထားဝယ်မဲဆန္ဒနယ်၏ **ထားဝယ်မြို့နယ်၊ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်းရှိ အန္တရာယ်ရှိ အဆောက်အဦအား သုံးထပ်ဆောင်အသစ် အဖြစ် မည်သည့်အချိန်တွင် ဆောက်လုပ်ပေးနိုင်မည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဦးလှမြင့်၊ မတ္တရာ မဲဆန္ဒနယ်၏ **မတ္တရာမြို့နယ်တွင် ဆရာ/ ဆရာမ အင်အား ပြည့်စုံလုံလောက်မှုမရှိပါ၍ ဆောလျင်စွာ ဖြည့်ဆည်းပေး နိုင်မည့် အစီအစဉ်ရှိမရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးတင့်လွင်၊ နတ်တလင်းမဲဆန္ဒနယ်၏ **နတ်တလင်းမြို့နယ် အတွင်းရှိ ရွာသာကုန်း-ဇီးပင်ကွင်း-ရှမ်းကုန်း- လက်ခုတ်ပင် ကျေးရွာချင်းဆက်လမ်း ပျက်စီးနေပါသဖြင့် ကွန်ကရစ်လမ်း အဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ည) ဒေါ်မြင့်စန္ဒာအောင်၊ မြောင်းမြ မဲဆန္ဒနယ်၏ **မြောင်းမြမြို့နယ် ရေကျော်ကျေးရွာအုပ်စုနှင့် လပွတ္တာမြို့နယ် ရေဆိုင် ကျေးရွာအုပ်စုတို့ကို ဆက်သွယ်သည့် ရေကျော်–ရေဆိုင်လမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိမရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဋ) ဦးသန်းနိုင်၊ ဝါးခယ်မ မဲဆန္ဒနယ်၏ **ဝါးခယ်မမြို့နယ်၌ သရွတ်သွတ် ချောင်းကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိမရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဌ) ဦးကျော်မင်းထွန်း၊ ဇီးကုန်းမဲဆန္ဒနယ်၏ **ဇီးကုန်းမြို့နယ် အမှတ် (၂) ရပ်ကွက် ရွှေဘုံသာတံတား ပျက်စီးနေမှုအား အသစ်တည်ဆောက်ရန် သို့မဟုတ် ပြုပြင်ရန် မည်သည့် အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်း သည့်မေးခွန်း၊

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် မြန်မာ-အိန္ဒိယ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းကြောင်းနှင့် ယင်းအဖွဲ့တွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ အဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လွှတ်တော်သို့ အသိပေး တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း၊

၁၂။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် မြန်မာ-ဘင်္ဂလားဒေ့ရှ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းကြောင်းနှင့် ယင်းအဖွဲ့တွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ အဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း၊

၁၃။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် မြန်မာ-ကမ္ဘောဒီးယား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းကြောင်းနှင့် ယင်းအဖွဲ့တွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ အဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လွှတ်တော်သို့ အသိပေး တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း၊

၁၄။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် မြန်မာ- ထိုင်း လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းကြောင်းနှင့် ယင်းအဖွဲ့တွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည် စာရင်း၊ အဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့၏ အမည်စာရင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း၊

၁၅။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”**နှင့် **“တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း”**တို့ကို လက်ခံ ရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပေးပို့လာသော **“နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ”** နှင့်စပ်လျဉ်း၍ ပြင်ဆင်သည့်အဆိုကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။